ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁ ၊ အမှတ် ၇ | ၂၀၁၆ ခုနှစ် ၊ ဧပြီလ ၁ ရက်

## အဆင့်စုံဝန်ထမ်းများမှ ဒုတိယအကောက်ခွန်မှူးအဆင့်သို့ တိုးမြှင့်ခြင်းအခမ်းအနားကျင်းပခြင်း




ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၄-၃-၂၀၁၆ ရက်နေ့ (၀၉း၀၀)နာရီ အချိန်တွင် ကျင်းပပြုလုပ်သော အဆင့်စုံဝန်ထမ်းများမှ ဒုတိယအကောက်ခွန်မှူး အဆင့်တိုးမြှင့်ခြင်း အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အဆင့်စုံ ဝန်ထမ်းများမှ ဒုတိယအကောက်ခွန်မှူး အဆင့်တိုးမြှင့်ခံရသူ ( ၈၉ )ဦး တို့အား ဒုတိယအကောက်ခွန်မှူးအဆင့် ပုခုံးဒေါက် တပ်ဆင်ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အဆင့်တိုးမြှင့်ခန့်အပ်ခြင်းခံရသူ ဒုတိယအကောက်ခွန်မှူးများ တက်ရောက်ခဲ့ကြပါသည်။

# (၆)ကြိမ်မြောက်ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ် (The 6th Study Tour to Japan Enforcement of Intellectual Property)



The 6th Knowledge Co-Creation Program in Enforcement of Intellectual Property
(Feb.21-Mar.5,2016)

ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ တရားရေးဝန်ကြီးဌာနတွင် (၂၂-၂-၂၀၁၆) ရက်နေ့မှ (၄-၃-၂၀၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၆) ကြိမ်မြောက်ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ် (The 6th Study Tour to Japan Enforcement of Intellectual Property) ဆိုင်ရာ ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်း တက်ရောက်ခဲ့ပါသည်။ လေ့လာရေးဆွေးနွေးပွဲသို့ တရားလွှတ်တော်ချုပ်ရုံးမှ (၆)ဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ (၄)ဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ (၂)ဦး၊ မြန်မာနိုင်ငံမှုခင်းရဲတပ်ဖွဲ့မှ (၁)ဦး၊ အကောက်ခွန်ဦးစီးဌာနမှ (၁)ဦး၊ စုစုပေါင်း (၁၄)ဦးဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါလေ့လာရေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဂျပန်နိုင်ငံ၏ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်ချက်အပေါ် ဗဟုသုတရရှိစေရန် ဂျပန်နိုင်ငံ၏ IP ဆိုင်ရာ တရားရုံး လုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုနှင့် စွဲဆိုချက်များ၊ နယ်စပ်များတွင် ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ IP ဆိုင်ရာ အခြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်နေမှုနှင့် စိန်ခေါ်မှုများသိရှိစေရန်၊ မြန်မာနိုင်ငံတွင် အနာဂတ် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရန်အတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရပါသည်။

# နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးနှင့် BLO အချက်အလက် ကောက်ယူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




နေပြည်တော်၊ Park Royal Hotel ၊ Padamyar 5 အစည်းအဝေးခန်းမတွင် ၂၈-၃-၂၀၁၆ ရက်နေ့မှ ၂၉-၃-၂၀၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု (Partnership Against Transnational Crime Through Regional Organized Law-enforcement . PATROL) အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးနှင့် BLO အချက်အလက်ကောက်ယူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (4th Myanmar PATROL Advisory Committee and BLO Data Collection Workshop) သို့ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်-၁၃ တက်ရောက်ခဲ့ပါသည်။

# နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးနှင့် BLO အချက်အလက် ကောက်ယူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာန၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အနုမြူစွမ်းအင် ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် နယ်စပ်ဆက်ဆံရေးရုံးများ(BLOs) ဖြစ်သည့် မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ ဝမ်ပုံ၊ ကျိုင်းလတ်၊ မူဆယ်၊ ချင်းရွှေဟော်၊ POE1 (မောင်တော)စသည့် မြို့အသီးသီးရှိ နယ်စပ်ဆက်ဆံရေးရုံး (၈)ရုံးမှ တာဝန်ခံ ရဲအရာရှိများ တက်ရောက်ခဲ့ကြပြီး UNODC မှ Mr. Matthew Nice (Regional Coordination Patrol UNODC) မှ မူးယစ်နှင့် ထိန်းချုပ်ဓါတုဆေးဝါးမှောင်ခို မှုခင်းများ၊ လူကုန်ကူးမှုနှင့်တရားမဝင် မှောင်ခိုသွားလာခြင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်တောထွက်ပစ္စည်းများ မှောင်ခိုကူးခြင်း၊ အခြားနယ်စပ်ဖြတ်ကျော် မှောင်ခိုမှုများအကြောင်းတို့အားဦးဆောင်ဆွေးနွေးခဲ့ပါသည်။ ယင်းနောက် နယ်စပ်ဆက်ဆံရေးရုံးများ ထားရှိသည့် မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ ကျိုင်းလတ်၊ ဝမ်ပုံ၊ မူဆယ်၊ ချင်းရွှေဟော်နှင့် POE 1 (မောင်တော)တို့အား နယ်စပ် BLO ရုံးများ အချင်း ချင်းဆက်သွယ်မှု လွယ်ကူစေရန်အတွက် Mr. Matthew Nice မှ UNODC ၏ အထောက်အပံ့ ဖြစ်သော(၁၀) လက်မ အရွယ်ရှိ Samsung Tablet (၈)လုံးအား BLO ရုံး တစ်ရုံးလျှင် (၁) လုံးနှုန်းဖြင့် ရုံးတာဝန်ခံ ရဲအရာရှိ (၈) ဦးအား တစ်ဦးချင်းစီ အလိုက်ပေးအပ်ခဲ့ပါသည်။ ယင်းနောက် စုပေါင်း အမှတ်တရ ဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၇၄၇.၇၉ ) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

အကောက်ခွန်ဦးစီးဌာန၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်းလာသော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ်လ (၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ စုစုပေါင်း ဖမ်းဆီးတားဆီးမှုမှာ ( ၆၉ )မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ( ၇၄၇.၇၉ )သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တားဆီးမှု ( ၂ )မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် (၀.၈၀) သန်းခန့် ဖြစ်ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၄-၃-၂၀၁၆) ရက်နေ့တွင် Malaysia Airline လေကြောင်းခရီးစဉ်အမှတ် MH-740 ဖြင့် ကွာလာလမ်ပူမှ ရန်ကုန်သို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ " Dji " Phanton 3 Standard Mdl # W321 C/O China (1)Set ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၀.၇၀)သန်းခန့်အား တင်သွင်းခွင့် စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသဖြင့် တားဆီးခဲ့ပါသည်။



# ဆိပ်ကမ်းများတွင် တားဆီး/ဖမ်းဆီးခြင်း

ဆိပ်ကမ်းများတွင် တားဆီးမှု (၆)မှု ရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ကျပ် ( ၃၉၁.၀၃ ) သန်းခန့်ဖြစ်ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် (၁၁-၃-၂၀၁၆) ရက်နေ့တွင် AWPT ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ Dynamic Industry Co.,Ltd မှ တင်သွင်း လာသော Actyon Sports S.K.D System Including With Body Accessories Complete Set With Painted (36) Units ခန့်မှန်းတန်ဖိုး ကျပ် (၃၁၁.၆၂) သန်းခန့်အား VPA (126) ရက် ကျော်လွန်နေသောကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါသည်။






## နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးခြင်း

နယ်မြေဒေသများတွင် တားဆီးမှု ( ၆၁ )မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် ( ၃၅၅.၉၆ ) သန်းခန့်ဖြစ်ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၄-၃-၂၀၁၆) ရက်နေ့တွင် ကလေးမြို့ အကောက်ခွန်ကင်းစခန်း၌ တမူးမြို့မှ ကလေးမြို့သို့ ထွက်ခွာလာသည့် ယာဉ်မောင်း ဦးကျော်မြင့်ဦး မောင်းနှင်လာသော ယာဉ်အမှတ် BI/8413 (Toyota Hiace) (ရွှေစကား ယာဉ်အသင်း)အား အကောက်ခွန်မှူး ဦးမျိုးကျော်ကျော်သူ ဦးစီးသောအဖွဲ့ဖြင့် စစ်ဆေးရာ အိန္ဒိယနိုင်ငံထုတ် အကောက်ခွန်မဲ့ ပစ္စည်းများ ဖြစ်သည့် ချည်ထုပ် (၇၉)ထုပ် အပါအဝင် ပစ္စည်းအမျိုး အစား (၇)မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၆.၆၀) သန်းခန့်အား တွေ့ရှိသဖြင့် တားဆီးခဲ့ပါသည်။



# မိုဘိုင်းဖုန်း၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ မတ်လအတွင်း ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး ကျပ်သန်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၇ | ၇ | ၈.၂၈ |
| | **စုစုပေါင်း** | - | ၇ | ၇ | ၈.၂၈ |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၅)ရက်နေ့မှ (၃၁-၃-၂၀၁၆) ရက်နေ့အထိ မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီး/တားဆီးမှု အနေဖြင့် ရန်ကုန်လေဆိပ်နှင့် ဆိပ်ကမ်းတို့တွင် စုစုပေါင်း (၅၇)မှု ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ် (၁၀၃၆.၇၄)သန်း ခန့်၊ နယ်မြေဒေသများမှ ( ၁၅၂ )မှု ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ် ( ၉၄၉.၁၁ )သန်းခန့်၊ စုစုပေါင်း ဖမ်းဆီး/ တားဆီးမှု ( ၂၀၉ )မှု ခန့်မှန်းတန်ဖိုးစုစုပေါင်းကျပ် ( ၁၉၈၅.၈၅ ) သန်းခန့်အား တားဆီးခဲ့ပြီး အကောက်ခွန် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

## ထူးခြားဖမ်းဆီးမှု

ထူးခြားဖမ်းဆီးမှုအနေဖြင့် (၁၁-၃-၂၀၁၆) ရက်နေ့တွင် မန္တလေး (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ``**အားသစ်**´´ခရီးသည်တင် မှန်လုံယာဉ် အမှတ် 9B / 2735 အား ယာဉ်စစ်ဆေးရေးတာဝန်ကျ အကောက်ခွန်မှူး ဦးလင်းထက်အောင် ဦးစီးသော အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ ယာဉ်၏ ဆီတိုင်ကီ အနောက်တွင် အံ့ဝှက် ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော အကောက်ခွန်မဲ့ ကျောက်စိမ်းဟု ယူဆရသည့် လက်ကောက်ကွင်းကြမ်းများနှင့် ကျောက်များ (ဆိုဒ်စုံ) (၃၆၈)Kg ခန့်မှန်းတန်ဖိုးကျပ် (၁၁.၀၄)သန်း၊ Fuso အမျိုးအစားယာဉ်၊ ခန့်မှန်းတန်ဖိုးကျပ် (၁၅.၀၀) သန်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၆.၀၄) သန်းအား ဖမ်းဆီးရမိခဲ့ပါသည်။



# ပူးပေါင်းဖမ်းဆီးမှု

၁၅.၃.၂၀၁၆ ရက်နေ့တွင် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်း၌ နမ့်စန်မြို့ဘက်မှ တာချီလိတ်မြို့သို့ သွားရောက်မည့် Hilux Vigo ခဲရောင် ၊ ယာဉ်အမှတ် (9I-7115) အား မူးယစ်အဖွဲ့မှ ရဲအုပ်သူရအောင် ဦးစီးသော အဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်မှူး ဦးသန်းနိုင်ဦးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ မော်တော်ယာဉ်၏ နောက်ခန်းကြမ်းခင်းအောက်၌ သိုဝှက်သယ်ဆောင် လာသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား (၈၁၆၀၀၀) ပြား၊ ခန့်မှန်းတန်ဖိုးကျပ် (၂၄၄၈.၀၀)သန်းခန့်အား ဖမ်းဆီးရမိခဲ့ပါသည်။





၁၈-၃-၂၀၁၆ ရက်နေ့တွင် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျိုင်းတုံဘက်မှ တာချီလိတ်မြို့ဘက်သို့ မောင်းနှင်လာသော Honda Wave-110 ဆိုင်ကယ်အား မူးယစ်တပ်စု (၃၀)မှ ရဲအုပ်ကျော်စွာထွန်း ဦးစီးသောအဖွဲ့နှင့် အကောက်ခွန်မှူး ဦးလွင်ဦးမောင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ဘိန်းစိမ်းအမဲရောင်အစေး အလေးချိန် (၃) ကီလိုခန့် ခန့်မှန်းတန်ဖိုးကျပ် (၄.၅) သန်းခန့်အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပါသည်။

# ဖမ်းဆီးရမိအများပြည်သူ စားသုံး၊ သုံးစွဲရန်မသင့်သော အချိုရည်၊ အရက်နှင့် ဘီယာများအား ဖျက်ဆီးခြင်း





အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့မှ ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲ အဆင့်ရောက် အများပြည်သူစားသုံး၊ သုံးစွဲရန်မသင့်သည့် စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၇၁၁.၉၂)သန်းခန့်ရှိသော (အချိုရည်၊ အရက်၊ ဘီယာ) များကို ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးတင်ထွန်းဝင်းမှ ဥက္ကဌ အဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ၉-၃-၂၀၁၆ ရက်နေ့မှ ၁၁-၃-၂၀၁၆ ရက်နေ့ထိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံတင်ရောင်းချခြင်း

အကောက်ခွန်ဦးစီးဌာနနှင့် Mobile Team 2 တို့မှ သိမ်းဆည်းရမိသော အကောက်ခွန်မဲ့ ပစ္စည်းများအနက် ပြည်သူ့ဘဏ္ဍာသိမ်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများဖြစ်သည့် ကားအပိုပစ္စည်း များ၊ စားသောက်ကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကို ၂၂-၃-၂၀၁၆ ရက်နေ့ နံနက် (၁၀း၀၀)အချိန်တွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမတွင် (19)Lot အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခဲ့ရာ (18)Lot လေလံအောင်မြင်ခဲ့ပြီး ကျပ် (၃၂၆.၃၀) သန်း ရရှိခဲ့ပါသည်။



# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်တွင် ဆွေးနွေး ဖြေကြားချက်များ

ပလာစတာအရုပ်များ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 6809.90 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။





Truck Crane အား တင်သွင်းလိုပါသဖြင့် Export Certificate လို/မလို မေးမြန်းရာ လိုအပ်ကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

Wood Pallet ပစ္စည်းများ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 4415.10 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။



# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်တွင် ဆွေးနွေး ဖြေကြားချက်များ

အင်ဒိုနီးရှားပါတိတ်များ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 5212.15 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။





X-Ray စက်များ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 9030.84 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




Air Purifier များ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 8421.39 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်တွင် ဆွေးနွေး ဖြေကြားချက်များ




Rock Wool များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလိုနှင့် Duty Rate အား မေးမြန်းခဲ့ရာ လိုင်စင်မလိုအပ်ကြောင်း HS Code မှာ 6806.10 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

ဖျော်ရည်ကြိတ်စက်များ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 8509.80 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

